# နိုင်ငံသစ်ကို အသိအမှတ်ပြုခြင်းနှင့် ဥပဒေ၊ အတွေးအမြင်ဆောင်းပါးများ

ဤစာအုပ်သည် ဥပဒေနှင့် ဥပဒေဒဿန၊ ကိုယ်ကျင့်ပညာဒဿန ဆောင်းပါး တို့ကို ရှေးဟောင်းဒဿနနှင့် ဘဝဒဿနဆိုင်ရာ၊ ဥပဒေနှင့် ဥပဒေဒဿနဆိုင်ရာ ဟူ၍ အပိုင်းနှစ်ပိုင်းခွဲပြီး စုစည်းဖော်ပြထားသော စာအုပ်ဖြစ်သည်။

ရှေးဟောင်းဒဿနနှင့် ဘဝဒဿနဆိုင်ရာအပိုင်းတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၉၀၀ ကျော်က ထွန်းကားခဲ့သော ရောမဧကရာဇ် မားကပ်(စ်) အော်ရီးလပ်(စ်)၏ ဒဿန ဒိုင်ယာရီအကြောင်းနှင့် နှစ်ဆယ်ရာစုနှောင်းပိုင်းက ပေါ်ပေါက်ခဲ့သော ဥပဒေနှင့် ကိုယ်ကျင့်ပညာဒဿနပညာရှင် ရော်နယ်ဒေါ်ကင်၏ ဘဝကောင်းကို ရရှိခြင်းနှင့် ဘဝကိုကောင်းအောင်နေထိုင်ခြင်းတို့၏ ကွာခြားချက်ကို ဘဝဒဿန အမြင်ဖြင့် ဆွေးနွေးတင်ပြထားသည်။

ဥပဒေနှင့် ဥပဒေဒဿနဆိုင်ရာတွင် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးများနှင့် မလေးရှားနိုင်ငံ၏ အမြင့်ဆုံးတရားရုံးများအကြောင်း ပူးတွဲလေ့လာမှု၊ အမေရိကန် တရားလွှတ်တော်ချုပ်၏ တစ်မူထူးခြားသော ဩဇာနှင့်အာဏာ၊ မြန်မာဥပဒေ ဝေါဟာရနှင့် သဘောတရား အယူအဆတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုမှု ဆောင်းပါး များ ပါရှိသည်။ ဥပဒေပညာရေးနှင့် ဥပဒေထုံးတမ်းစဉ်လာများနှင့် ပတ်သက်သော စာအုပ်တစ်အုပ်အကြောင်းကိုလည်း မိတ်ဆက်တင်ပြထားသည်။

ထို့အပြင် မျက်မှောက်ခေတ် နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ယင်းတို့ကို အခြားနိုင်ငံအစိုးရများက အသိအမှတ် ပြုခြင်း၊ မပြုခြင်း၏ သဘောသဘာဝနှင့် အကျိုးဆက်တို့အကြောင်း၊ မြန်မာဥပဒေ စနစ်တွင် စီရင်ထုံး၏အခန်းကဏ္ဍ၊ ရာဇဝတ်ဗေဒ (criminology) ဆိုင်ရာ ဆောင်း ပါး စုစုပေါင်း ကိုးပုဒ်တို့ကို တင်ပြထားပါသည်။

# မာတိကာ


စာရေးသူ၏ အမှာ ၇

**အပိုင်း ၁၊ ရှေးဟောင်းဒဿနနှင့် ဘဝဒဿနဆိုင်ရာ**

၁ ရောမ ဧကရာဇ် မားကပ်စ်အော်ရီးလပ်စ်၏ ဒဿနဒိုင်ယာရီ ၁၁

၂ ဘဝကောင်းရရှိခြင်းနှင့် ဘဝကိုကောင်းအောင်နေထိုင်ခြင်း ၂၃

**အပိုင်း ၂၊ ဥပဒေနှင့် ဥပဒေဒဿနဆိုင်ရာ**

၃ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးမှ အင်္ဂလိပ်ဘာသာဖြင့် နောက်ဆုံးရေးခဲ့သည့် စီရင်ထုံး ၅၁ နှစ်ပြည့်အထိမ်းအမှတ် ၅၃

၄ အမေရိကန် တရားလွှတ်တော်ချုပ်၏ တစ်မူထူးခြားသော ဩဇာနှင့်အာဏာ ၆၉

၅ ဥပဒေဆိုင်ရာအသုံးအနှုန်း၊ အယူအဆများ မြန်မာမှ အင်္ဂလိပ်ဘာသာပြန်ဆိုမှု စိုးစဉ်းမျှ ၉၉

၆ ကျွန်တော်တည်းဖြတ်ခဲ့သော ဥပဒေပညာရေးနှင့် ဥပဒေအစဉ်အလာများဆိုင်ရာ စာအုပ်တစ်အုပ် ၁၆၇

၇ နိုင်ငံသစ်ကို အသိအမှတ်ပြုခြင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေအမြင် အကြောင်း စိုးစဉ်းမျှ ၁၈၁

၈ ဗြိတိသျှဥပဒေစနစ်၊ စီရင်ထုံးဥပဒေနှင့် မြန်မာနိုင်ငံ ၁၉၉

၉ သဘာဝ၏အမှားရာဇဝတ်သား သို့မဟုတ် မျောက်ဝံစိတ်ရှိသည့် လူအချို့ ၂၀၇

စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၂၁၉